ကုမ္ပဏီအမည် - Itsumyia Myanmar Company Limited

လုပ်ငန်း - ဂျပန်အစားအစာနှင့်မုန့်ထုတ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာ လက်ခံရရှိခြင်း	၁၀-၂-၂၀၁၅		
၂	သဘောထားမှတ်ချက် တောင်းခံခြင်း			
	(က) စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန	၂၅-၂-၂၀၁၅	၁၆-၃-၂၀၁၅	
	(ခ) ကျန်းမာရေးဝန်ကြီးဌာန	၃-၃-၂၀၁၅	၂၃-၃-၂၀၁၅	
	(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၃-၃-၂၀၁၅ ၂၆-၃-၂၀၁၅	၁-၄-၂၀၁၅	
	(ဃ) စက်မှုဝန်ကြီးဌာန	၃-၃-၂၀၁၅	၁၈-၃-၂၀၁၅	
	(င) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၃-၃-၂၀၁၅	၁၉-၃-၂၀၁၅	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၈/၂၀၁၅) သို့ တင်ပြခြင်း	၂၃-၂-၂၀၁၅		
၄	အဆိုပြုလွှာလက်ခံကြောင်းစာပေးပို့ခြင်း	၂၄-၂-၂၀၁၅		
၅	မြေအသုံးပြုခွင့် တင်ပြခြင်း (က) ကော်မရှင် အစည်းအဝေး (၇/၂၀၁၅) သို့ တင်ပြခြင်း (ခ) စီးပွားရေးရာကော်မတီ အစည်းအဝေးသို့ တင်ပြရန် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ (ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။	၂၄-၄-၂၀၁၅		
၆	MIC သို့ တင်ပြရန် ကုမ္ပဏီမှ အဆိုပြုလွှာ (၁၁)စုံ လက်ခံရရှိ	၂၃-၄-၂၀၁၅		
၇	စုစုပေါင်း ကြာမြင့်ရက်	(၇၃) ရက်		

အကြောင်းအရာ။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Itsumiya Myanmar Company Limited တည်ထောင်၍ ဂျပန်အစားအစာနှင့်မုန့်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြ လာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	-Itsumiya Myanmar Company Limited Mr.Shigeru Sugimura
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု -Itsumiya Limited (၈၀%) (ဂျပန်နိုင်ငံ) - ဦးကြည်လွင် (၁၀%) (မြန်မာနိုင်ငံ) -ဒေါ်ညိုညိုငြိမ်း(၁၀%) (မြန်မာနိုင်ငံ)
	လုပ်ငန်းအမျိုးအစား	- ဂျပန်အစားအစာနှင့်မုန့်ထုတ်လုပ်ခြင်း လုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ် ၃၆၉၊ မြေတိုင်း ရပ်ကွက် အမှတ် ၄၉၊ ဝါးတစ်ရာစက်မှုဇုန်၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
	မြေပိုင်ရှင်	- ဦးကြည်လွင်
	မြေအကျယ်အဝန်း	- ၂.၀၃၂ ဧက (၈၂၂၃.၂၁၂ စတုရန်း မီတာ)
၃။	မြေနှင့်အဆောက်အဦ ငှားရမ်းခနှုန်း	- တစ်နှစ်ငှားရမ်းခ USD ၄၁၁၁၆ (တစ်နှစ်တစ်စတုရန်း မီတာလျှင် အမေရိကန်ဒေါ်လာ ၅.၀)
	မြေငှားရမ်းကာလ	- ကနဦး ၄၀ နှစ် (သက်တမ်းတိုး ၁၀နှစ် ၂ ကြိမ်)
	လုပ်ငန်းသက်တမ်း	- ၄၀ နှစ်
၄။	တည်ဆောက်ရေးကာလ	- ၈လ

၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- USD ၂.၀၀ million
	ထည့်ဝင်သည့်အမျိုးအစား	- USD (million)
		ပြည်တွင်း ပြည်ပ စုစုပေါင်း
	ငွေသား	၀.၃၆ ၀.၂၁ ၀.၅၇
	စက်ပစ္စည်း	၀.၈၉ ၀.၈၉
	အခြားအဆောက်အအုံ	၀.၅၀ ၀.၅၀
	မြေနှင့်အဆောက်အအုံ ငှားရမ်းခ	၀.၀၄ ၀.၀၄
	စုစုပေါင်း	၀.၄၀ ၁.၆ ၂.၀၀
၆။	ဝန်ထမ်းအင်အား	- ၁၇၉ ဦး
	ပြည်တွင်း	- ၁၇၈ ဦး
	ပြည်ပ	- ၁ ဦး
		- (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ အနိမ့်ဆုံးလစာမှာ USD ၁၀၀ဖြစ်ပြီးအမြင့်ဆုံးလစာမှာ USD ၁၃၆၈ ဖြစ်ပါသည်။ ပြည်ပ ဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံး လစာမှာ လစာမှာ USD ၂၀၀၀ ဖြစ်ပါသည်။)
၇။	ရောင်းချမည့်စနစ်	- ပြည်ပ ၉၀% ပြည်တွင်း ၁၀% နှင့်
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမမြောက်နှစ်)	- အမေရိကန်ဒေါ်လာ ၅.၀၀ သန်း
	အသုံးစရိတ်	- အမေရိကန်ဒေါ်လာ ၄.၅၀ သန်း
	အသားတင်အမြတ်	- အမေရိကန်ဒေါ်လာ ၀.၅၀ သန်း
၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမမြောက်နှစ်)	
	ဝင်ငွေခွန်	- US $ ၀.၁၇ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- US $ ၀.၂၅ သန်း
	အရင်းကြေကာလ	- ၈ နှစ် ၁ လ
၁၀။	အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၉%

၁၁။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (ဆဋ္ဌမမြောက်နှစ်)	- ၃၀၀,၀၀၀ KW/hr
၁၂။	နှစ်စဉ်ထုတ်လုပ်မှု (ဆဋ္ဌမမြောက်နှစ်)	(see table below)

စဉ်	ပစ္စည်း အမျိုးအစား	ရောင်းဈေးနှုန်း USD/Package	ထုတ်လုပ်မှု အရေအတွက်	
			ပြည်တွင်း	ပြည်ပ
က	Cheese Roll(Type A)	3.85	58,442	525,974
ခ	Cheese Roll(Type B)	1.54	25,974	233,766
ဂ	Pre-fried Cheese Roll	2.00	70,000	630,000
ဃ	Spring Roll(Type A)	3.85	15,584	140,260
င	Spring Roll(Type B)	1.54	22,727	204,545

ကုမ္ပဏီအမည်	- **Itsumyia Myanmar Company Limited**
အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	- ဂျပန်အစားအစာနှင့်မုန့်ထုတ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	-ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်/ ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်း ရပ်ကွက် အမှတ် ၄၉၊မြေကွက်အမှတ် ၃၆၉ ။
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၂.၀၀ သန်း
လုပ်ငန်းသက်တမ်း	- ၄၀ နှစ်
အရင်းကြေကာလ	- ၈ နှစ် ၁ လ
IRR	- ၉%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ(တစ်နှစ်)	၁.၆၈	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၆၅
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၀.၀၉	-
၄	ဝင်ငွေခွန်	၀.၀၇	၃.၅၅
၅	ကုန်သွယ်လုပ်ငန်းခွန်		၁.၉၂
၆	လျှပ်စစ်မီးသုံးစွဲခ		၀.၅၀
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		ဝင်ငွေခွန်ဥပဒေအတိုင်း ထမ်းဆောင်ပါမည်။
၈	CSR (၂%)		၀.၁၇
၉	မြေငှားရမ်းခ		၀.၄၁

၁၀	အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း	 ၁.၈၄	ပြည်တွင်းဝန်ထမ်း ၁၇၉ဦး အလုပ်အကိုင် ရရှိမည် ဖြစ်ပါသည်။ ၇.၇၁၅
၁၁	Cost : Benefit	၁ : ၄	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၂ / န-၁၂၀ / ၂၀၁၅ (၂၈၀)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Itsumiya Myanmar Company Limited တည်ထောင်၍ ဂျပန်အစားအစာနှင့်မုန့်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြလာခြင်းကိစ္စ**

၁။ ဂျပန်နိုင်ငံ Itsumiya Company Limited မှ (၈၀%)၊ မြန်မာနိုင်ငံမှ ဦးကြည်လွင်(၁၀%) နှင့် ဒေါ်စုစုမာ(ခ)ဒေါ်ညိုညိုငြိမ်း(၁၀%)တို့မှ အစုရှယ်ယာများ ထည့်ဝင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Itsumiya Myanmar Company Limited တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၉၊ မြေကွက်အမှတ် ၃၆၉ ရှိ မြေ ၂.၀၃၂ ဧက (၈၂၂၃.၂၁၂စတုရန်းမီတာ) ငှားရမ်း၍ ဂျပန်အစားအစာ နှင့် မုန့်ထုတ်လုပ်ခြင်းလုပ်ငန်းအား ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးကြည်လွင် နှင့် Itsumiya Myanmar Company Limited တို့ကြား ချုပ်ဆိုမည့် မြေ ငှားရမ်း စာချုပ် (မူကြမ်း) နှင့် Itsumiya Company Limited ၊ ဦးကြည်လွင်နှင့် ဒေါ်စုစုမာ(ခ)ဒေါ်ညိုညိုငြိမ်းတို့ကြား ချုပ်ဆိုမည့် Joint Venture Agreement (မူကြမ်း)တို့ကို တင်ပြထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာ စက်မှုဇုန်၊မြေကွက်အမှတ်(၃၆၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)ရှိ မြေ (၂.၀၃၂)ဧက (၈၂၂၃.၂၁၂ စတုရန်းမီတာ)အား တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၅ နှုန်းဖြင့် တစ်နှစ်ငှားရမ်းခ အမေရိကန်ဒေါ်လာ ၄၁၁၁၆ သန်း ရရှိမည် ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်း ကာလမှာ ၄၀ နှစ် ဖြစ်ပြီး တည်ဆောက်ရေးကာလ မှာ ၈လ ဖြစ်ပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

	ပြည်တွင်း	ပြည်ပ	စုစုပေါင်း
ငွေသား	၀.၃၆	၀.၂၀	၀.၅၇
စက်ပစ္စည်း		၀.၈၉	၀.၈၉
အခြားအဆောက်အအုံ		၀.၅၀	၀.၅၀
မြေနှင့်အဆောက်အအုံငှားရမ်းခ	၀.၀၄		၀.၀၄
စုစုပေါင်း	၀.၄၀	၁.၆၀	၂.၀၀

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် Cheese Roll, Pre-fried Cheese Roll,Spring Roll များ ထုတ်လုပ်ရာတွင် ပြည်တွင်းဝန်ထမ်း(၁၇၈)ဦး နှင့် ပြည်ပ (၁) ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ ၁၀၀ ဖြစ်ပြီး အမြင့်ဆုံး လစာမှာ အမေရိကန်ဒေါ်လာ ၁၃၆၈ ဖြစ်ပါသည်။ ပြည်ပဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိလာသော Cheese Roll, Pre-fried Cheese Roll,Spring Roll များကို ပြည်ပတွင် ၉၀% နှင့် ပြည်တွင်းသို့ ၁၀% ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) ထုတ်လုပ်မှု နှင့် ရောင်းချမှု ဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ပစ္စည်း အမျိုးအစား	ရောင်းဈေးနှုန်း USD/Package	ထုတ်လုပ်မှု အရေအတွက် ပြည်တွင်း	ပြည်ပ
(က)	Cheese Roll(Type A)	3.85	58,442	525,974
(ခ)	Cheese Roll(Type B)	1.54	25,974	233,766
(ဂ)	Pre-fried Cheese Roll	2.00	70,000	630,000
(ဃ)	Spring Roll(Type A)	3.85	15,584	140,260
(င)	Spring Roll(Type B)	1.54	22,727	204,545

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) တွင် ကုမ္ပဏီမှ ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

			US $ (သန်း)
(က)	ဝင်ငွေ	-	၅.၀၀
(ခ)	အသုံးစရိတ်	-	၄.၅၀
(ဂ)	အသားတင်အမြတ်	-	၀.၅၀

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ (ဆဋ္ဌမမြောက်နှစ်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၁၇ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ ၀.၂၅ သန်း ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၈ နှစ် ၁ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၉% ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၀၀၀ ကျပ် နှုန်းဖြင့် တွက်ချက်ထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည် -

(က) **ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့** မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်ခြင်း မရှိပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၁၇၀)ဦး အလုပ်အကိုင် ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်ပါကြောင်း၊ အဆိုပြု လုပ်ငန်း လုပ်ကိုင်ရန် ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၃၆၉)ရှိ မြေ ၂.၀၃၂ ဧက (၈၂၂၃.၂၁၂စတုရန်းမီတာ) အား တစ်နှစ်လျှင် ၁ စတုရန်းမီတာအတွက် အမေရိကန်ဒေါ်လာ ၅ နှုန်းဖြင့် နှစ် ၄၀ ငှားရမ်းလုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ပါ ကြောင်း၊ လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း သဘောထား မှတ်ချက် ပြန်ကြားလာပါသည်။ **(နောက်ဆက်တွဲ - က)**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန** မှ လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်း ရေးဆွဲချမှတ်ခြင်း၊ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့

အတွက် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းစနစ်များ၊ စက်ပစ္စည်းများကို အသုံးပြုခြင်းနှင့် CSR အား အမြတ်ငွေ၏၂% ထည့်ဝင်ရန် အပါအဝင် ကတိကဝတ်များ၊ လုပ်ငန်းစီမံချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ အဆိုပါလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု မဖြစ်ပေါ်စေရေး သို့မဟုတ် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် လုပ်ငန်း ဆောင်ရွက်မည့် အစီအမံများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများ၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်များ စီမံခန့်ခွဲမှု အစီအမံများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအမံများ၊ စောင့်ကြည့်လေ့လာမည့် အစီအမံများ၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး လုပ်ငန်းများဆောင်ရွက်ရန် အတွက် သုံးစွဲမည့်ရန်ပုံငွေများပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင် အထည်ဖော် ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

[ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန မှ သဘောထားမှတ်ချက်နှင့်အညီ ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု မဖြစ်စေရေး အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environment Plan-EMP) ရေးဆွဲ တင်ပြထားပါသည်။] (နောက်ဆက်တွဲ-ခ)

(ဂ) **ကျန်းမာရေးဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုသင့်ကြောင်း သဘောထားပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ - ဂ)**

(ဃ) **စက်မှုဝန်ကြီးဌာန** မှ လျှပ်စစ်သွယ်တန်းအသုံးပြုမှုများကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန်၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် ဆောင်ရွက်ရန်၊ အစားအသောက် ထုတ်လုပ်မှုလုပ်ငန်းဖြစ်သဖြင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့် အညီထုတ်လုပ်ရန် လိုအပ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုန်ကြမ်းအားလုံးကို ပြည်ပမှ တင်သွင်းမည်ဟု တင်ပြ ထားသဖြင့် ပြည်တွင်း၌ ရရှိနိုင်သည့် ကုန်ကြမ်း ပစ္စည်းများ (ဥပမာ-Rice Flour၊

Sesame Graine စသည့်)အား ပြည်တွင်းမှပင် ဝယ်ယူသင့်ပါကြောင်း၊ ကုန်ကြမ်းသုံးစွဲမှု တင်ပြချက်တွင် သုံးစွဲမည့် ကုန်ကြမ်းအား အလေးချိန်(ကီလို)ဖြင့် တင်ပြထားပြီး ကုန်ချောအား အလေးချိန်ဖြင့် ဖော်ပြခြင်း မရှိဘဲ Packageဖြင့် တင်ပြထားသဖြင့် ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထွက်ရှိမှု အချိုးအစား ညီညွတ်ခြင်းရှိ/မရှိ စိစစ်နိုင်ခြင်းမရှိကြောင်း၊ ထုတ်ပိုးမှုဆိုင်ရာ ကုန်ကြမ်းပစ္စည်းများ ဖော်ပြထားခြင်းမရှိသဖြင့် ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း၊ စက်ပစ္စည်းစာရင်း သင့်လျော်မှုရှိသော်လည်း ထုတ်လုပ်မှုဆိုင်ရာ အဓိက စက်ပစ္စည်းများအား Capacity ဖော်ပြထားခြင်းမရှိသဖြင့် ထုတ်လုပ်မှုနှင့် စက်စွမ်းအား ညီညွတ်ခြင်းရှိ/မရှိ စိစစ်နိုင်ခြင်း မရှိကြောင်း သဘောထား ပြန်ကြားထားပါသည်။

[စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ကုမ္ပဏီမှ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိ တင်ပြထားပါသည်။] (နောက်ဆက်တွဲ-ဃ)

၁၁။ ငွေရေးကြေးရေး အထောက်အထားအဖြစ် ဒေါ်ညိုညိုငြိမ်း(ခ) ဒေါ်စုစုမာအမည်ဖြင့် မြဝတီဘဏ်လီမိတက်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်စွဲဖြင့် ကျပ် ၂၀.၀၈ သန်း၊ ဦးကြည်လွင် အမည်ဖြင့် ကမ္ဘောဇဘဏ် လီမိတက်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်စွဲဖြင့် ကျပ် ၀.၄၀ သန်းနှင့် နိုင်ငံခြားငွေ အထောက်အထားအဖြစ် Itsumiya Co.,LTD အမည်ဖြင့် Mizuho Bank Ltd. တွင် ၂၀၁၂ ခုနှစ် မေလ ၂၁ ရက်စွဲဖြင့် ဂျပန်ယန်း ၁၀,၀၀၀,၀၀၀ ရှိကြောင်း၊ Itsumiy Company Limited ၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ် မိတ္တူများ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၏ Passport မိတ္တူများ နှင့် နိုင်ငံသား မှတ်ပုံတင် မိတ္တူများကို တင်ပြထားပါသည်။

၁၂။ Itsumiya Myanmar Company Limited မှ တည်နေရာပြမြေပုံ၊ မီးဘေး ကြိုတင် ကာကွယ်ရေးစီမံချက်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေးစီမံချက် အစီအစဉ်၊ လုပ်ငန်းခွင် သာယာရေး အတွက် ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက် ထားရှိမှု၊ ဝန်ထမ်းများအတွက် ကျန်းမာရေး၊ လူမှုရေး စောင့်ရှောက် ထားရှိမည့် ရပ်ရွာအကျိုးပြု အစီအစဉ် (CSR) အဖြစ်နှစ်စဉ် ရရှိသော အမြတ်ငွေမှ ၂% ကို သုံးစွဲမည် ဖြစ်ကြောင်း ကတိဝန်ခံချက်တို့ကို တင်ပြထားပါသည်။

၁၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၄။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၈/၂၀၁၅ (၂၃-၂-၂၀၁၅) အစည်းအဝေးသို့ တင်ပြ ခဲ့ပါသည်။

၁၅။ **စိစစ်တင်ပြချက်**

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်း ဆောင်ရွက်ခွင့် ပြုရန် ကိစ္စကို စီးပွားရေးရာကော်မတီ၏ ၇/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက် တင်ပြထား ပါသည်။

(ခ) ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူ ခွင့်ပြုပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၆။ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Itsumiya Myanmar Company Limited တည်ထောင်၍ ဂျပန်အစားအစာနှင့်မုန့်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြု တင်ပြလာခြင်းအပေါ် ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ကန့်သတ်

၃

ကုမ္ပဏီဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏ အမည်	ဒါရိုက်တာ/ အစုရှင်များ၏ ဆက်သွယ်ရန် လိပ်စာ
၁။	Itsumiya Myanmar Company Limited	Itsumiya Myanmar Company Limited Represented by:	
		(၁) Mr.Shigeru Sugimura Managing Director Japanese TK7795150	13-10 Tenjincho, Kofu, Yamanashi,Japan
		(၂)Mr. Yoko Sugimura Director Japanese TK8736114	13-10, Tenjin-cho,Kofu-City, Yamanashi-Prefecture, Japan.
		(၃)Mr.Taku Okubo Director Japanese MS9361733	302,Rejionsu-2, Aoba, Kofu-City, Yamanashi-Prefecture,Japan
		(၄)U Kyi Lwin Director Myanmar 12/ka Ta Ta (N) 002727	No.320,U Wisara Road,Ward (10),Kamayut Township, Yangon, Myanmar.
		(၅)Daw Su Su Mar @ Daw Nyo Nyo Nyein Director Myanmar 12/ Ka Ta Ta (N)022775	No.320, U Wisara Road, Ward(10),Kamayut Township, Yangon,Myanmar

၁။ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် - ၀၉-၅၁၁၀၅၂၂

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - အမှတ်(၃၂၀)၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်သတ်